# နဝဒေး၏ဘုရားတိုင်ရတုများမှ ဘုရားဘွဲ့များ

ညွန့်ညွန့်ဝေ*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် နဝဒေး၏ဘုရားတိုင်ရတုများကို လေ့လာသောစာတမ်းဖြစ်သည်။ တောင်ငူခေတ် စာဆို နဝဒေး၏ စာပေလက်ရာသဘောကို ဗဟုသုတဖြစ်စေရန် ရည်ရွယ်ပါသည်။ ဤစာတမ်းကို ပြုစုရာတွင်ဘုရားတိုင်မောင်ဘွဲ့၊ မယ်ဘွဲ့ရတုများမှ ဘုရားရှင်အကြောင်းရေးဖွဲ့သောဘုရားဘွဲ့များ ကိုအခြေခံ၍ လေ့လာတင်ပြ ထားပါသည်။

**သော့ချက်စကားလုံး**။ လင်္ကာ၊ ဘုရားတိုင်၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ရတု

## နိဒါန်း

ဤစာတမ်းသည် နဝဒေး၏ ဘုရားတိုင်ရတုများကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းကို လေ့လာရာတွင်(၁၉၆၄)ခုနှစ် ဟံသာဝတီတိုက်ထုတ် နဝဒေးရတု ပေါင်းချုပ်ကို အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ နဝဒေးရတုပေါင်းခုပ်တွင် ရတုပုဒ်ရေ (၂၃၆)ပုဒ်ရှိသည့် အနက်ဘုရားတိုင်ရတုမှာ (၇၇) ပုဒ်ရှိပါသည်။ ထိုရတုများမှ တူညီသောအကြောင်းအရာများနှင့် ထူးခြားသည့်အကြောင်းအရာများကို ကိုးကား၍လေ့လာတင် ပြမည်ဖြစ်ပါသည်။

## ရတုဟူသည်

ရတုနှင့်ပတ်သက်၍ ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းတွင်–

"ရတုကဗျာသည် လင်္ကာမှပေါက်ဖွားလာသော အဖွဲ့အနွဲ့ပင်ဖြစ်သည်။ သို့သော်လင်္ကာကဲ့သို့ မဟုတ်မူ၍ ဖွဲ့ဆိုရာ၌စည်းစနစ်ဥပဒေရှိ၏။ လင်္ကာ၌ပုဒ်ရေပေါင်းများစွာ ဖွဲ့လိုသမျှဖွဲ့ဆိုနိုင်သည်။ အဖျားချတွင် လည်း စာလုံးရေအကန့်အသတ်မရှိ။ ရတုတွင်ကားတစ်ပိုဒ်တည်း ဖွဲ့စပ်လျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ဖွဲ့စပ်လျှင် အဖြည့်ခံ၊ သုံးပုဒ်ဖွဲ့စပ်လျှင်ပိုဒ်စုံဟူ၍ခေါ်သည်။ သးပိုဒ်ထက်ပိုမို၍လည်းမဖွဲ့နွဲ့ကြချေ။ တစ်ပိုဒ် တစ်ပိုဒ်တွင်လည်း ပဒအရေအတွက်အားဖြင့် (၁၀၈) ပဒထက်ပိုမို၍ မဖွဲ့နွဲ့ကြချေ။ အဖျားချ များတွင် လည်း ခိုင်ညွန့်ခက်ဖြာ(၇)လုံး၊ မဏိဆံကျင်(၉)လုံး၊ အာသာဝတီ ဝတ်ဆံ(၁၁)လုံး၊ မဏိဦးပြည်း(၁၅) လုံး၊ ဇော်တစ်ခိုင်လုံး (၁၉)လုံး စသည်ဖြင့် အဖျားချစာလုံး အရေအတွက်သီးသန့် ထားလျက်ရှိသည်။" (စာ ၄၈)

ရတုဟူသည် သက္ကတဘာသာ ရိတုမှပျက်လာသော ရတုလည်းရှိသည်။ မြန်မာဘာသာ ပေါရာဏ သက်သက်ရတုလည်းရှိသည်။ သက္ကတဘာသာရိတုမှာ အခါရာသီအနက်ရ၏။ မြန်မာ ဘာသာရတုမှာ သဘင်ဟူသောအနက်၊ အခမ်းအနားဟူသောအနက်၊ အခြေအနေ ဟူသော အနက် သုံးမျိုးရှိသည်။

ရတုအမည်များသတ်မှတ်ရာတွင် ပဒအရေအတွက်၊ ကာရန်အနေအထား၊ အချီအချစာလုံး အရေအတက်အားဖြင့် ရတုအချီအချနည်း (၄၁)မျိုး ရှိကြောင်း ဦးလွန်း၏ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း တွင် အကျယ်တဝင့် မိန့်ဆိုထားပါသည်။ ရတုချရာတွင် အသုံးပြုသည့် ကြိယာ(၆၄)ပါးရှိ ကြောင်း

* ကထိက၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ဟသ္သာတတက္ကသိုလ်

ကိုလည်း ရှင်းလင်းတင်ပြထားပါသည်။ ထို့ပြင် ရေးဖွဲ့သော အကြောင်းအရာကိုလိုက်၍ ဘုရားတိုင်ရတု၊ သိကြားတိုင်ရတု၊ မြို့ဘွဲ့ရတု၊ပန်းဘွဲ့ရတု၊ ဥဒေါင်းဖိုမအမေးအဖြေရတု၊ ဝမ်းဘဲ ဖိုမအမေးအဖြေရတု၊ တောလား၊ ရေလားရတု၊ မိုးတောရတု၊ ကျေးစေရတု၊ စစ်ချီရတု၊ မောင်ဘွဲ့၊ မယ်ဘွဲ့ရတုများအဖြစ် သတမတ်ကြသည်များ ရှိသေးသည်ကိုလည်းတွေ့ရှိရသည်။

ရတုကဗျာများနှင့်ပတ်သက်၍ မြန်မာစာပေသမိုင်းတွင် ပင်ယခေတ်၌ပင် ကောင်းမွန်စွာရေးသားနိုင်ကြောင်းကိုတင်ပြထားပါသည်။ စတုရင်္ဂဗလအမတ်ကြီး၏ "ရွှေဖဝါးတော်အောက်ချီ" ရတုသည်ခက်ခဲနက်နဲသော အဘိဓမ္မာတရားသဘောကိုပင် ရတုပုံစံဖြင့်ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ပင်းယခေတ်တွင်စပ်ထုံးအနေဖြင့်ပုံစံကျရတုအဖြစ်တွေ့ရသည်။ပင်းယခေတ်တွင်ရှိခဲ့သောရတုစာပေသည်အင်းဝခေတ်တွင်ဖွံ့ဖြိုးရှင်သန်လာခဲ့ပါသည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့ကဲ့သို့သော ရဟန်းစာဆိုများပင်လျှင်ရေးနည်းစုံဖြင့် အကွန့်အဆန်းထွင်ခဲ့ကြပါသည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည် "အောင်ချာနန်းမြေ" ချီဘုရားတိုင်ရတုနှင့် "နန်းမြေအောင်ချာ" ချီဘုရားတိုင် ရတုများကိုစပ်ဆိုခဲ့ကြပါသည်။ အင်းဝခေတ်တွင် အရှိန်ကောင်းခဲ့သောရတုသည် တောင်ငူခေတ်တွင် အထွတ်အထိပ်သို့တိုင် ရောက်သည်ထိဖြစ်ခဲ့ရပါသည်။ အင်းဝခေတ်ကတွေ့ရှိရသော ဘုရားတိုင်ရတုများသည်လည်း ပုံစံတကျဖြင့် ခိုင်မာစွာထွက်ပေါ်ခဲ့ရာ တောင်ငူခေတ်သို့ ရောက်သောအခါ ယင်းလမ်းစဉ်အတိုင်း ဆက်လက်ရေးသားလာကြသည်ကို တွေ့ရှိရပါသည်။

ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့နှင့် လျှောက်တင်ချက်ဟူ၍ အပိုင်းနှစ်ပိုင်း အဓိက ပါဝင်ပြီး ဘုရားဘွဲ့တွင်ဖွဲ့လိုသော ဘုရားတည်နေရာ၊ တည်သူဒါယကာ၊ ဘုရားအမည်၊ ဘုရားသမိုင်းနှင့် ဘုရားဂုဏ်တော်တို့ကို ထည့်သွင်းစပ်ဆိုတတ်ကြပါသည်။ လျှောက်တင်ချက် တွင်ဘုရားရှင်ကိုတိုင်တည်ခြင်းနှင့် မိမိရင်တွင်းခံစားချက်များဖွင့်အံခြင်း၊ ချစ်သူ၏အလှဘွဲ့၊ တောတောင်ရေမြေသဘာဝအဖွဲ့များ၊ ဆက်ကပ်လှူဒါန်းသည့် ပစ္စည်းအဖွဲ့များပါတတ်ပါသည်။ ဘုရားတိုင်တည်ရာ တွင် သာမန်သဘော၊ အလေးအနက်သဘောမျိုးတိုင်တည်ကြသည်။ ယေဘုယျခြုံကြည့်ပါလျှင် ဘုရားတိုင်ရတုတွင်ဘုရားဘွဲ့၊ ကပ်လှူသည့်ပစ္စည်းဘွဲ့၊ ခံစားချက် အဖွဲ့တို့ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**ရတုစာဆိုနဝဒေး**

"သက္ကရာဇ် (၈၆၀–၉၅၀)ခန့်" (စာ ၈၉) ဟုစာဆိုတော်များအတ္ထုပ္ပတ္တိတွင်မောင်သုတကခန့်မှန်းထားပါသည်။

နဝဒေးသည် အသက် (၁၀)နှစ်သားအရွယ်မှစ၍ ကဗျာလင်္ကာလိုက်စားပြီး ပျို့၊ ဧချင်းနှင့်ရတုများကို ရေးခဲ့သည်။ နဝဒေးကြီးစပ်ဆိုခဲ့သော ရတုပေါင်းမှာ (၃၀၀)ကျော် (၄၀၀) ခန့် ရှိသည်။ သို့သော် တွေ့ရှိရသည်မှာ (၂၃၆) ပုဒ်သာဖြစ်သည်။ နဝဒေသည် ဘွဲ့အမည်သုံးမျိုးဖြင့် ထင်ရှားခဲ့သော

စာဆိုကြီးလည်း ဖြစ်သည်။ ပြည်ဘုရင် နရပတိယောက်ဖ မင်းဘစော၏ အထိန်းတော်ဖြစ်သည်။ မင်းဘစောကိုကွပ်မျက်ပြီး နှမတော်နရပတိမယ်ကို စလင်းစည်သူကျော်ထင်သို့ပေးရာ နဝဒေးလည်း စလင်းသို့ရောက်ရသည်။ စလင်းတွင် မင်းလကျာ်ဘွဲ့ရှိသည်။ စလင်းစည်သူကျော်ထင်သည် သက္ကရာဇ်(၉၀၇)တွင် စစ်ကိုင်းသို့ပြောင်းရွှေ့ရာ နဝဒေးလိုက်ပါရပြီး စစ်ကိုင်းတွင် ထောင်သင်းမှူးဘွဲ့ကိုရရှိသည်။ သက္ကရာဇ် (၉၁၃)တွင်စစ်ကိုင်းစည်သူကျော်ထင် အင်းဝတွင် ပြောင်းရွှေ့နန်းစံရာအင်းဝသို့ရောက်ရှိခဲ့ရပါသည်။ (၆)နှစ်အကြာ အင်းဝပျက်လျှင် ပြည်ဘုရင် သတိုးဓမ္မရာဇာက စာဆိုနဝဒေးကို ဟံသာဝတီဆင်ဖြူများရှင်ထံ တောင်းယူရာတွင် ပြည်မြို့ကို တဖန်ပြန်ရောက်ရှိခဲ့ပါသည်။ ပြည်တွင်ခစားစဉ် ဟံသာဝတီဆင်ဖြူများရှင်၏ မြို့သစ်ဘွဲ့ဖြစ်သော "ရာဇဌာနီချီ" ရတုကိုဆက်ရာ နဝဒေးဘွဲ့ရရှိခဲ့ပါသည်။ ထို့ကြောင့် စာဆိုနဝဒေးသည် စစ်ကိုင်းထောင်သင်း၊ စလင်းလကျာ်၊ ပြည်မှာနဝဒေးဟူသော ဘွဲ့(၃)မျိုးဖြင့် မြန်မာစာပေသမိုင်းတွင် ထင်ရှားသူဖြစ်ပါသည်။

## နဝဒေး၏ဘုရားတိုင်ရတုလာဘုရားဘွဲ့များ

နဝဒေး၏ဘုရားတိုင်ရတုများမှ ဘုရားဘွဲ့များကို လေ့လာရာတွင်နဝဒေး၏ ဘုရားတိုင်ရတုလာ နဝဒေး၏ဘုရားတိုင်မောင်ဘွဲ့လာဘုရားဘွဲ့များနှင့် မယ်ဘွဲ့လာဘုရားဘွဲ့များဟူ၍ ခေါင်းစဉ်ခွဲကာ လေ့လာတင်ပြပါမည်။

## နဝဒေး၏ ဘုရားတိုင်မောင်ဘွဲ့လာဘုရားဘွဲ့များ

နဝဒေး၏ဘုရားတိုင်မောင်ဘွဲ့ရတုပုဒ်ရေ(၁၄)ပုဒ်ရှိပါသည်။ ထိုရတုများမှ စူဠာမုနိဘုရားတိုင်ရတုပါ ဘုရားဘွဲ့ကိုဦးစွာတင်ပြပါမည်။ "ထောင်ဝန်းလည်ရံ" ချီစူဠာမုနိဘုရားတိုင်ရတုတွင် ဘုရား၏ တည်နေရာနှင့် ဘုန်းတော်ကိုဖွဲ့ဆို တင်ပြထားပါသည်။

> "သိနေရုထိပ်၊ ရန်မျိုးနှိပ်သည်၊ သုံးကျိပ်သုံးပါး၊ သိကြားနေရာ၊ ပြည်အောင်ချာဝယ်၊ ဗြဟ္မာနတ်လူ၊ သုံးပုံသူတို့၊ ကြည်ဖြူညွတ်ခ၊ပါဒအောက်ထံ၊ဆုံးမခံလျက်၊ မြတ်ရွှေစက်ကို၊ ထိပ်ထက်ပန်းတူ၊ ကိုးကွယ်မူသည်၊ စူဠာမုနိ၊ နှံ့သိခေါ်တွင်၊ ရှင်မြတ်သာ" (စာ ၆၃)

ဟူ၍ဖော်ပြထားပါသည်။ ငါးရာငါးဆယ့်ဇာတ်တော်လာ ကုလာဝကဇာတ်ကိုမှီး၍ စူဠာမုနိဘုရား သည်နေရုတောင်ထိပ်ရှိ (၃၃)ပါးသောသိကြားနတ်တို့၏ ကိုးကွယ်ရာလည်းဖြစ်ပါသည်။ ထိုဘုရားရှင် ၏ အဆုံးအမကိုခံယူကာ ဘုရားရှင်၏ ခြေတော်စက်ဦးထိပ်ပန်ဆင်လျက် လျှောက်ကြာအပ်ပါသည်။ ထိုဘုရားရှင်မှာ အများသိကြသော စူဠာမုနိဘုရားပင်ဖြစ်သည်ဟု ဘုရားတည်နေရာကို သမိုင်းနောက်ခံ ယုံကြည်မှုတို့ပါဝင်အောင် တင်ပြထားသည်ကိုတွေ့ရပါ သည်။

အင်းဝရွှေကြက်ယက်ဘုရားတိုင် ဘုရားဘွဲ့တွင် ရွှေကြက်ယက်ဘုရား၏ တည်နေရာကို တင်ပြရာတွင် ရွှေကြက်ယက်ဘုရားနှစ်ဆူမှာ အင်းဝမြို့ အရှေ့စူးစူးတောင်ထိပ်ဦး တွင်တည်ရှိပါ သည်။ ဘုန်းတန်ခိုးမှာလည်းနေလအပြိုင်ထွန်းသကဲ့သို့ရှိသည်။ လူသားတို့၏ ပူပင်ကြောင့်ကြမှုဟူ သမျှကို သနားကယ်ယူတော်မူသည်။ ဒုက္ခအပေါင်းကိုငြိမ်းစေတတ်သည်ဟု ယုံကြည်သည့် အလျောက် ဘုရားရှင်အားမောင်တော်၏ အကြောင်းများကိုတိုင်ကြားပါသည်ဟူ၍ တင်ပြထားရာ ဘုရားရှင်၏ တည်နေရာ၊ ဘုန်းတန်ခိုးယုံကြည်မှုတို့ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။

စစ်ကိုင်းဂူနီခုနစ်ဆူဘုရားတိုင် ဘုရားဘွဲ့တွင် ဘုရားရှင်၏တည်နေရာကို ပုညရှင်ဘုရား ၏တောက်ဘက်တွင် မိုးစွန်တမျှမြင့်မားကြောင်း၊ အိမ်မှပင်လှမ်းမြင်ရသော အကွာအဝေးတွင် ရှိကာသောကဗျာပါဒကို ပြေစေသောတန်ခိုးရှိကြောင်းကိုဖော်ပြထားပါသည်။ စစ်ကိုင်းရှင်ဖြူရှင်လှ ဘုရားတိုင် ရတုတွင်ဘုရားရှင်တည်နေရာကို–

> "ဆဲ့နှစ်ခွေလျှင်၊ လေးထွေလည်ညွတ်၊ သုံးစီပတ်သား၊ရေဓာတ်စကြာ၊ တောင်လက်ယာကို၊ ယှက်ဖြာမတန့်၊ဆင်မှကွန့်၍၊ပွားပြန့်ခွဲဝေ၊ယဉ်တွေတွေနှင့်၊ စီးနေမချာ၊မြစ်သီတာလည်း၊ ချဉ်းလှာရေညွတ်၊ တောင်ထိပ်ထွတ်ဝယ်၊ လောင်းမြတ်စည်သူ၊ တည်တော်မူသည်၊ ရှင်ဖြူမည်ရ၊ချစ်ချင်လှ" (စာ ၁၄)

ဟူ၍ဖော်ပြထားပါသည်။

စစ်ကိုင်းတောင်ကိုဧရာဝတီမြစ်ရေရစ်ခွေစီးဆင်းနေပုံကို တောင်ငါးလုံးရံသော၊ အနောအတ္တအိုင် မှ၊ ဆင်ခံတွင်း၊ မြင်းခံတွင်း၊ ခြင်္သေ့ခံတွင်း၊ နွားခံတွင်း၊ ပွင့်လေးခုတို့သည် အနောအတ္တအိုင်ကို သုံးပတ်လှည့်၍စီးဆင်းနေခြင်းဖြင့် တင်စားဖွဲ့ဆိုထားပါသည်။ ရှင်ဖြူရှင်လှ ဘုရား၏တည်သူ ဒါယကာအလောင်းစည်သူကိုလည်းထည့်သွင်းဖွဲ့ဆိုထားပါသည်။

"လျှံတက်ထွန်းဝါချီ" "အရှေ့ဘက်မှာချီ" ပြည်ဆံတော်ဘုရားတိုင်ရတုတွင် ပြည်ဆံတော် ဘုရား၏တည်နေရာကို မြို့၏လက်ယာဘက်တွင်ရှိသော ကြည်ညိုဖွယ်ကောင်းသည့်စေတီ မြို့၏

အရှေ့ဘက်တွင်ရှိသောတောင်၏ လက်ယာဘက်တွင်ရှိသော တန်ခိုးကြီးသောဘုရားရှင်အဖြစ်သာ တင်ပြထားပါသည်။

“သပြေမဉ္ဇူ”ချီ ပြည်ကန်တွင်းစည်းခံဘုရားတိုင်ရတုတွင် ဘုရားဘွဲ့ကို–

> “သပြေမဉ္ဇူ၊ ကျွန်းဇမ္ဗူဋ္ဌ်၊ ဆင်ဖြူသခင်၊ နတ်ရှင်သမီး၊ ဘုန်းကြီးထွတ်ထား၊ နောင်တော်သားနှင့်၊ နှစ်ပါးဆွေစုံ၊ တည်ခဲ့တုံသည်၊ ရွှေငုံပုံသွန်း၊မြေကထွန်းသို့၊ သိန်းသန်းထောင်ပေါင်း၊နေလပေါင်း၍၊ တူကြောင်းပြိုင်မည်၊ ရံလှာသည်လည်း၊ မြူခြည်ပျောက်ကွယ်၊ ပြယ်ကြီးပြယ်လိမ့်၊ ခြောက်သွယ်ညီးဝင်း၊ သောင်းလုံး လင်းသည်၊ မှန်ကင်းဘုန်းခေါင်၊ မိတည်နောင်ဝယ်၊ ရည်စောင်ဘို့ရန်၊ လိုဆုပန်ကာ၊ ကြွင်းကျန်မဲ့လျင်း၊ ပြည့်ဆုနှင်းသည၊ ကန်တွင်းစည်းခံတော်တကား”
> (စာ၃၀–၃၁)

ဟူ၍ဖွဲ့ဆိုထားသည်။

“အနောက်ဘက်မှာချီ” “အရှေ့တဘက်ချီ” ပြည်မဉ္ဇူဘုရားတိုင်ရတုတွင် ပြည်မြို့၏ အနောက်ဘက်တောင်ထိပ်ထက်တွင်ရှိသော ရွှေထီးငါးဆင့်ကာလျှက် ရှိသောမဉ္ဇူအမည်ရှိ ဘုရားရှင်ဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။

“သက်တော်ရှနှင့်ရှင်လုမွေ”ချီ “ရွှေယင်မြောနှင့်မောဓောမွေချီ” “ခြောက်ဆောင်ဘုံသာချီ” ရတုများတွင် ဘုရားရှင်၏ဘွဲ့အမည်ကိုသာတင်ပြထားပါသည်။

ဟံသာဝတီကာသဗိမာန်ဘုရားတိုင် ရတုတွင်နန်းတော်၏ အရှေ့မြောက်ခပ်ယွန်းယွန်း တွင်ရှိ တောင်ထိပ်ပေါ်၌ တည်ထားသောဘုရား ဖြစ်သည်ဟု ဆိုထားပါသည်။ “တသောင်းသပြေချီဇင်းမယ်ဗြသိန်ဘုရားတိုင်ရတုတွင်လည်း ယွန်းနေပြည်၏ တောင်ပေါ်၌ရှိသော ဘုန်းတန်ခိုးကြီးသည့် ဘုရားဖြစ်ကြောင်း ဖွဲ့ဆိုတင်ပြထားပါသည်။

နဝဒေး၏ မောင်ဘွဲ့ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့များဖွဲ့ဆိုရာ၌ တည်နေရာနှင့် ဘုန်းတော်ဘွဲ့များကိုဖွဲ့ဆိုထားပါသည်။ ထိုသို့ဖွဲ့ဆိုရာတွင်လည်း ဗုဒ္ဓဝင်၊ ရာဇဝင် သမိုင်းဆိုင်ရာ ဗဟုသုတများ မြန်မာတို့၏အစဉ်အလာယုံကြည်မှုတို့ကိုပါ ထည့်သွင်းဖွဲ့ဆိုထားကြောင်းတွေ့ ရှိ ရပါသည်။

**နဝဒေး၏ဘုရားတိုင်မယ်ဘွဲ့လာဘုရားဘွဲ့များ**

နဝဒေး၏ဘုရားတိုင်မယ်ဘွဲ့လာ ရတုပေါင်း (၆၃)ပုဒ်ရှိပါသည်။ နဝဒေး၏ဘုရားတိုင်မယ်ဘွဲ့လာ ဘုရားဘွဲ့များကို လေ့လာရာတွင် ပြည်ဘုရားတိုင်မယ်ဘွဲ့လာ ဘုရားဘွဲ့များကို ရှေးဦးစွာလေ့လာတင်ပြပါမည်။

နဝဒေးသည် ပြည်ဆံတော်ဘုရားတိုင် မယ်ဘွဲ့ရတုများတွင် ဘုရားဘွဲ့များကို ဘုရား၏ တည်နေရာ၊ ထီးကိုးစင်းဖြင့် မြင့်မားစွာတည်ရှိနေပုံကိုသာ ရေးဖွဲ့ထားပါသည်။ ‘ကြာငုံ့အဟန်’ချီ ရတုတွင်

> “ကြာငုံ့အဟန်၊ စိတ်သန်ကြည်နူး၊ တင်ရှိဦးအံ၊ သောက်ရှူးနေလ၊ တူစုံပသို့၊ ခေတ္တာသရေ၊ မင်းနေရပ်စည်၊ ရွှေပြည်ထောင့်ယွန်း၊ ဗတာင်ထိပ် စွန်းဝယ်၊ တသန်းညဏ်ရှင်၊ မြသိတင်ဟု၊ ကောင်းကင်မိုးမြေ၊ နှံ့မျှ ဝေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်”(စာ ၁၈)

ဟူ၍ရေးဖွဲ့ထားပါသည်။

နဝဒေးသည် စစ်ကိုင်းထူပါရုံဘုရားနှင့် ပုညရှင်ဘုရားတို့ကို တိုင်တည်ကာ မယ်ဘွဲ့ရတုများ ရေးသားခဲ့ပါသည်။ ‘ဌာနမင်းနေ’ အစချီ ထူပါရုံဘုရားတိုင်မယ်ဘွဲ့ရတုတွင် စကြာ်ချောင်းဖြတ်သန်းစီးဆင်းရာတွင်တည်ရှိသော ဘွဲ့အမည်ထူပါရုံဟူ၍သာ ဖော်ပြထားပါသည်။ ပုညရှင်ဘုရားတိုင်

မယ်ဘွဲ့ရတုတွင် ဗိသုကာလက်ရာတို့ဖြင့် တင့်တယ်နေသော ဘုရားရှင်၏ ရွှေထီးတော်ဘွဲ့အမည်တို့ကိုသာ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဟံသာဝတီဘုရားတိုင်ရတုများတွင် 'ဒဂုံမွေရှင်' အစချီ ရတုတွင်

> "ဒဂုံမွေရှင်၊သိင်္ဂုတ်တွင်၌၊ရှင်ပင်သစ္စာ၊ ပွင့်သောခါဝယ်၊ခြောက်ဌာနလွန်၊ ပြည့်သည့်နေ့၌၊ ကြုံတွေ့လျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူပျားဆုပ်လှူ၍၊ မဉ္ဇူဆံမွေ၊ ကိုးကွယ် စေကာ၊ ထိပ်ဖွေဆောင်ရွက်၊ သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ၊ ကျော်ဝှန်ဝါသား၊ ဌာပနာတွေ၊တည်ခဲ့လေသည်၊ ဆံမွေရုံးစု၊ သဗ္ဗညု" (စာ ၆၃)

ဟူ၍ ဘုရားရှင်ပွင့်တော်မူသည်မှစ၍ တဖုဿနှင့်ဖလိက ကုန်သည်ညီနောင်တို့ ဆံတော်ဓာတ် ရရှိပြီး သိင်္ဂုတ္တရတောင်တွင် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များဌာပနာကာ ဘုရားတည်ခဲ့ပုံများကို အကျဉ်းချုပ်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

နဝဒေးသည်မုတ္တမဖြင်းနတ်ဘုရား၊ဘားပြဘုရား၊ ဇင်းမယ်ဖြသိန်ဘုရား၊ ဇင်းမယ်ဖြကျော်ဘုရား၊ တရုတ်ပြည်စွယ်တော်ဘုရား၊ ဒွာရာဝတီအံတော်ဘုရား၊ မွေပေါင်းဓာတ်ပေါင်း ဘုရားစုံ၊ သင်းချောဘုရား တို့ကိုတိုင်တည်ကာ ဘုရားတိုင်မယ်ဘွဲ့ရတုများကိုစပ်ဆိုခဲ့ပါသည်။ ထိုဘုရားတိုင်မယ်ဘွဲ့ရတုများတွင် မုတ္တမဖြင်းနတ်ဘုရားနှင့် တရုတ်ပြည်စွယ်တော်ဘုရားတို့ကိုသာ ဘုရားရှင်၏ တည်နေရာ၊ သမိုင်းစဉ်နှင့် ထူးခြားမှုတို့ကို ဘုရားဘွဲ့အဖြစ် ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

'ကျော်စောလှည့်ရာ' ချီ မုတ္တမဖြင်းနတ်ဘုရားတိုင်ရတုတွင်

> "ကျော်စောလှည့်ရာ၊ လူတကာတို့၊ ဗျာပါဟူက၊ မရှိရတည့်၊ ခဏမချာ၊ ဉာဏ်စကြာဖြင့်၊ ဗျာပါချေချွတ်၊ ချက်ချင်းကျွတ်သည်၊ ဖြင်းနတ်မည်မွေး မိတည်းရှေး"(စာ ၅၅)

ဟူ၍ဖွဲ့ဆိုထားသည်။ မြတ်စွာဘုရားရှင်သည် ဘုန်းတန်ခိုးအရှိန်အဝါကျော်စောပါပေသည်။ လူတကာတို့၏သောကဗျာပါဟူသမျှကို ဘုရားရှင်၏ဉာဏ်ပညာဖြင့် ခဏနှင့်ပင်ပျောက်ကင်းအောင် စွမ်းဆောင်နိုင်ပါသည်။ ဘုရားရှင်ဉာဏ်တော်၊ တန်ခိုးတော်ကြောင့်လူတိုင်းသည် ဗျာပါရချက်ချင်းကျွတ်ရပါသည်ဟု ယုံကြည်ကိုးစားမှုကိုဖွဲ့ဆိုထားသည။

## ခြုံငုံသုံးသပ်ချက်

နဝဒေး၏ ဘုရားတိုင်မောင်ဘွဲ့၊ မယ်ဘွဲ့ရတုများမှ ဘုရားဘွဲ့များကို လေ့လာရာတွင် ပုဒ်ရေအားဖြင့် (၇၇)ပုဒ် ရှိနေပါသည်။ နဝဒေးရေးဖွဲ့သော ဘုရားများကို လေ့လာကြည့်ပါလျှင် သူမွေးဖွားကြီးပြင်းရာ ပြည်ဒေသရှိ ဘုရားများကို အများဆုံးရေးဖွဲ့ထားသည်ကို တွေ့ရှိရပါ သည်။ နဝဒေးသည် ဘုရင့် အမှုတော်ထမ်း ဘဝနှင့် စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ စသည့် မင်းနေပြည်ရှိရာဘုရားများအပြင် မွေပေါင်းဓာတ်ပေါင်းဘုရား၊ တာဝတိံသာစူဠာမုနိဘုရား၊ တရုတ်ပြည်စွယ်တော်ဘုရားများကိုပါစုံလင်စွာတိုင်တည်ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။

နဝဒေးသည် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က တည်ထားသော ရွှေတိဂုံဘုရား အပါအဝင် ဒွတ္တဘောင်၊ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ မင်းကြီးညို၊ ဆင်ဖြူရှင် (ဘုရင့်နောင်) စသည့် ဘုန်းကြီးသောမင်းများ တည်ထားသော ဘုရားများကို ထည့်သွင်းဖွဲ့ဆို ထားသည်ကို တွေ့ရှိရသည်။ သူ၏ရတုများတွင် သီရိဓမ္မာသောကမင်း တည်ထားသောဘုရားကို ရေးဖွဲ့ထားခြင်း မရှိပေ။

နဝဒေးက စေတီပုထိုးများကို ဖွဲ့ဆိုရာတွင် စေတီ၏သမိုင်းစဉ်၊ တည်သူဒါယကာ၊ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဌာပနာထားမှု၊ ရွှေထီးတော်၏ပုံသဏ္ဌာန်နှင့် အဝေးအနီးမှ တွေ့မြင်ရသော

မြင်ကွင်းအခြေအနေ၊ ဘုရားရှင်၏ထူးခြားသော ပုံသဏ္ဌာန်တော်နှင့် တန်ခိုးတော်များကို အလျဉ်းသင့်သလို ထည့်သွင်းဖွဲ့ဆို ထားသည်ကိုတွေ့ရှိရပါသည်။

ဘုရားရှင်၏ဘုန်းတန်ခိုးကို ဖွဲ့ဆိုရာတွင် ဘုရားရှင်၏ဂုဏ်တော်၊ ဘုရားရှင်ဟောကြားတော်မူသော တရား၏ဂုဏ်တော်တို့ကိုပါ ထည့်သွင်းဖွဲ့ဆိုထားပါသည်။ ဘုရားရှင်၏ ရောင်ခြည်ခြောက်ပါး၊ သစ္စာလေးပါးကိုသိသောဉာဏ်တော်၊ စကြာဝဠာတိုက်တစ်သောင်းအထိ ဘုန်းတန်ခိုးထွန်းလင်းသော တန်ခိုးတော်၊ လူသုံးပါးတို့ထက် အထွတ်အမြတ်ဖြစ်သောဂုဏ်တော်၊ လူတို့၏သောကဗျာပါရဟူသမျှကိုငြိမ်းအေးအောင်ပြုနိုင်စွမ်းသော ဘုရားရှင်၏ဂုဏ်တော်စသည်တို့ကို ထည့်သွင်းဖွဲ့ဆိုထား ကြသည်ကိုတွေ့ရှိရပါသည်။

ဘုရားရှင်၏ဂုဏ်တော်ကိုးပါးအနက် လူနတ်ဗြဟ္မာသတ္တဝါ ဟူသမျှတို့၏ ပူဇော်အထူးကိုခံယူတော်မူထိုက်သောအရဟံဂုဏ်တော်၊ လူနတ်ဗြဟ္မာသတ္တဝါတို့၏ဆရာဖြစ်တော်မူသော သတ္ထာဒေဝမနုဿာနံဂုဏ်တော်၊ သူမတူအောင်ဘုန်းတော်ရှင်ဖြစ်တော်မူသော ဘဂဝါဂုဏ်တော် တို့ကိုအဓိကထားဖွဲ့ဆိုကြသည်ကိုတွေ့ရှိရပါသည်။

ဘုရားရှင်၏ဘုန်းတော်ခြောက်ပါးအနက်ကိုယ်တော်ကို အဏုမြူပမာသို့မဟုတ် စကြာဝဠာပြည့် အောင်ဖန်ဆင်းတော်မူနိုင်သည့် ဣဿရိယဘုန်းတော်၊ တစ်ထောင့်ငါးရာကိလေသာကို ဖယ်ရှားသုတ်သင်နိုင်သော ပညာဉာဏ်ကြီးသော ဓမ္မဘုန်းတော်၊ အခြံအရံများခြင်း ကျော်စောခြင်းရှိသော ယသဘုန်းတော်၊ ရှုမြော်၍မဝနိုင်အောင် လွန်စွာသပ္ပာယ်သော ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် တင့်တယ်တော်မူသော သီရိဘုန်းတော်စသည့်ဘုန်းတော်သုံးပါးကိုသာ အဓိကထားကာ ဖွဲ့ဆိုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ဘုရားရှင်၏ တရားဂုဏ်တော်ခြောက်ပါးအနက် ကောင်းမွန်စွာဟောကြားတော်မူသော၊ ကြားနာရုံမျှဖြင့် ဟုန်းကနဲထနေသော ကိလေသာ မီးပူကြီးများကို ငြိမ်းစေနိုင်သော သွက္ခာတဂုဏ်တော် ကိုသာ ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။

ရောင်ခြည်ခြောက်ပါးကို သာမန်ဖွဲ့ဆိုထားသည်။ နဝဒေးက ဘုရားရှင်သည် လောကတွင် တစ်ဆူတည်းဖြစ်တော်မူသော ဘုရားဖြစ်ကြောင်း 'မရှိနှစ်ဆူ'၊ 'နှစ်ဆူမမြင်' ဟူ၍ ဖွဲ့ဆိုထားသည်။

လူတို့သည် ဘုရားရှင်အား ဖူးမြော်ရှိခိုးရာတွင် ကိုယ်အင်္ဂါဖြင့်ရှိခိုးခြင်း၊ ဂုဏ်ကျေးဇူး တို့ကိုနှုတ်မြွက်၍ရှိခိုးခြင်း၊ ဂုဏ်ကျေးဇူးတို့ကိုအစဉ်အောက်မေ့ရှိခိုးခြင်း ဟူသော သုံးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုးဦးချကြပါသည်။ ဘုရားပွဲ့များတွင် ဘုရားရှင်ကိုဖူးမြင်ရပြီး ဘုရားရှင်၏ထံ မိမိတို့၏ သောကအပူများကို တိုင်တည်ရှိခိုးကြပါသည်။ နဝဒေးသည် ဘုရားရှင်အား ဖူးမြင်ရှိခိုး ဦးချရာတွင် ဖူးမြင်သူ၏စိတ်၌ ထားရှိရမည့် စိတ်ထားကိုပါထည့်သွင်း ဖွဲ့ဆိုထားပါသည်။ ပြည်ကျောင်းကြီး ဘုရားတိုင်ရတုတွင် သက်တော်ထင်ရှားဘုရားရှင်ကို အာရုံညွတ်ကာ ရှိခိုးဦးချရမည်ဖြစ်ကြောင်း ထည့်သွင်းတင်ပြထားသည်ကို တွေ့ရှိရပါသည်။

## နိဂုံး

မြန်မာ့ဆိုရိုးတွင် ခလုတ်ထိမှအမိတဟူသောဆိုရိုးတစ်ခုရှိပါသည်။ လူတို့သည်ဒုက္ခနှင့်တွေ့ကြုံလာသောအခါ အားကိုးရာကိုရှာတတ်ကြသည်။ ဖွင့်ဟတိုင်တည်တတ်ကြသည်။ ထိုသဘောအတိုင်းပင် နဝဒေး၏ဘုရားတိုင်ရတုများသည်လည်း ဒုက္ခနှင့်ကြုံတွေ့ရသောအခါ အားကိုးရှာဖွဲ့ဆိုသောကဗျာပင်ဖြစ်သည်။ ခေတ်စနစ်မည်သို့ပင်ပြောင်းစေကာမူ အရေးအဖွဲ့ပုံသဏ္ဌာန်သာ ပြောင်းလဲ၍ တိုင်တည်တတ်သော အကြောင်းမှာမူ ပြောင်းအံ့မထင်ပါ။ မြန်မာစာပေသမိုင်းတွင် နဝဒေးသည် ရတုကဗျာဖြင့်ပင် "ရတုဆရာနဝဒေးဟု ပညာရှင်တို့ အဆိုပြုကြပါသည်။ အင်းဝခေတ် ရှင်မဟာသီလဝံသ ရှင်မဟာရဋ္ဌသာရတို့၏ ဘုရားတိုင်ရတုနည်းကို နဝဒေးကြီးကယူ၍ရေးခဲ့သည်။ သူ၏နည်းကိုလည်း

နတ်ရှင်နောင်ကယူ၍ရေးခဲ့သည်။ နတ်ရှင်နောင်တည်းဟူသော ပန်းပွင့်ရန်နဝဒေးဟူသော ပင်စည်ကို အခြေခံ၍ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပါသည်။ ဘုရားတိုင်ရတုပါအကြောင်း အရာအဖွဲ့တို့သည် ခေတ်စနစ်ပြောင်းသကသို့ စာဆိုတို့၏စတ်ကူးအရေးအဖွဲ့တို့ ပြောင်းလဲတတ်ကြောင်းကိုလည်း ဆန္ဒရှိကလေ့လာ သုတေသနပြုနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်း ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးပါသော ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသိဂီရွှေ၊ ဟင်္သာတတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာရီရီသန်း၊ ဟင်္သာတတက္ကသိုလ်နှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာချိုကြည်သန်း၊ ဟင်္သာတတက္ကသိုလ်အား လည်းကောင်း၊ ဟင်္သာတတက္ကသိုလ် သုတေသနဂျာနယ် ဖြစ်မြောက်ရေးအဖွဲ့ဝင်များအားလည်းကောင်း၊ မြန်မာစာဌာန၊ ပါမောက္ခ(ဌာနမှူး)၊ ဆရာမကြီးဒေါက်တာတင်တင်ရွှေ နှင့် ပါမောက္ခဆရာမကြီး ဒေါက်တာဥမ္မာမြင့်အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊မောင်(ဓနုဖြူ)။(၂၀၀၉)။***ဂုဏ်အလင်္ကာရသသင်ကြားရေး***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၉)။ ပဉ္စမအကြိမ်။ ***စကားပြေသဘောတရားစကားပြေအတတ်ပညာ***။ ရန်ကုန်၊မန်းရွှေပြည်ပုံနှိပ်တိုက်။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၁၉၇၆)။ ***ရသစာပေနိဒါန်း***။ ရန်ကုန်၊ ဝေဝေလွင် အော့ဖ်စက်ပုံနှိပ်တိုက်။

နဝဒေး။ (၁၉၆၄)။ ***နဝဒေးရတုပေါင်းချုပ် (ဒုတိယအကြိမ်)***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဖေမောင်တင်၊ဦး(ပါမောက္ခ)။(၂၀၁၃)။***မြန်မာစာပေသမိုင်း(ဧကဒသမအကြိမ်)***။ ရန်ကုန်၊ ရာပြည့်စာပေ။

သုတ၊ မောင်။ (၂၀၀၂)။ ***စာဆိုတော်များ အတ္ထုပ္ပတ္တိ***။ ရန်ကုန်၊ ရာပြည့်စာပေ။

မင်းသုဝဏ်။ (၁၉၆၈)။ ***ကဗျာရေးချင်စာစပ်သင***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြသန်းတင့်။ (၁၉၇၅)။ ***မြန်မာကျေးတောနေကဗျာများ***။ ရန်ကုန်၊ မြမြဝင်းပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်။

ရွှေအောင်၊ ဦး။ (၂၀၀၃)။ ***ရသစာပေ၏ရသ(၂၀၀၃)***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သာနိုး၊ မောင်။ (၂၀၀၆)။ ***ဂန္ထဝင်မြန်မာကဗျာ***။ ရန်ကုန်၊ ကမာရွတ်စာအုပ်တိုက်။

မောင်မောင်၊ သုတေသီ။ (၂၀၁၇)။ ***လက်ရွေးစင်ကာလပေါ်သီချင်းညွှန့်ပေါင်းကြီး***။ ရန်ကုန်၊ သိန်းမင်းပုံနှိပ်တိုက်။